# (၂၇-၂-၂၀၂၃ မှ ၃-၃-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

## အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၇-၂-၂၀၂၃ မှ ၃-၃-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ (၂၇-၂-၂၀၂၃)တွင် ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၂၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၄၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၁၆၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၇၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၇၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၄၀၀၊ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၄၀၀၊ ပခုက္ကူအာလူး ကျပ် ၁၉၅၀၊ တရုတ်အာလူး(သဲသီး) ကျပ် ၂၁၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၂၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၂၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၀၀၊ ၊ဆင်ဖြူကျွန်း S3 ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ပခုက္ကူအာလူး ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့သည်။ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကား စီးရေ ၃၆ စီး (၂၁၆၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက် လျက်ရှိရာ (၂၇-၂-၂၀၂၃ မှ ၃-၃-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၂၇-၂-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၂၇၅၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၇၅၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၇၅၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၂၀၀၊ မြစ်သားရှယ် ကျပ် ၁၆၅၀၊မြစ်သားလတ်ကြီး ကျပ် ၁၆၅၀၊ မြစ်သားလတ်သန့် ကျပ် ၁၆၅၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၄၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၇၅၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၇၅၊ ဆိပ်ဖြူလတ်သန့် ကျပ် ၇၅၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၊ မြစ်သားရှယ် ကျပ် ၁၅၀၊ မြစ်သားလတ်ကြီး ကျပ် ၅၀၊ မြစ်သားလတ်သန့် ကျပ် ၅၀ နှင့် မြစ်သားလတ်ချော ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၇၀စီး(၁၀၂၀၀၀၀ပိဿာ ) ခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၂၇-၂-၂၀၂၃ မှ ၃-၃-၂၀၂၃ )အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၂၇-၂-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၃၇၀၀ အောင်ပန်း ထူး-၂ ကျပ် ၄၁၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၄၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၅၀၀ ( ၄၅၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။